# ဘော်စတွန်နဲ့ဇေယျာ ခုံမင်စရာ နေရာများပေမို့

အရှင်ဉာဏိက



လူသားတစ်ယောက်အတွက် ဘဝမှာ မမေ့ရက်စရာတွေဆိုတာ အသီးသီးရှိတတ်ကြမှာပါ။ ဒီမမေ့ရက်စရာဟာ တချို့ပုဂ္ဂိုလ်တို့အတွက် ထူးထူးခြားခြားကြီးတွေ ဖြစ်ကောင်းမှ ဖြစ်ပါလိမ့်မယ်။ သို့ပေမယ့် မကြာခဏဆိုသလို နှလုံးသားမှာ အမှတ်ထင်ထင်ပေါ်လာတတ်တဲ့ တမ်းတလွမ်းမောစရာလေး တစ်ခုတော့ ဖြစ်လေမှာမလွဲပါဘူး။ လူတွေဆိုတာကလဲ အမျိုးမျိုး အဖုံဖုံဖြစ်လို့မို့ လူသားတစ်ဦးစီရဲ့ စွဲလမ်းတမ်းတတတ်မှုဆိုတာကလဲ အမျိုးမျိုးအဖုံဖုံရှိတတ်ကြတာပါ။ ဒါကြောင့် မမေ့ရက်စရာအချက်ဆိုတာလဲ တစ်ဦးနဲ့တစ်ဦးတော့ တူညီနိုင်မယ် မဟုတ်ပေဘူးပေါ့။ မမေ့ရက်စရာအချက်ဟာ လူသား တစ်ယောက်လဲဖြစ်နိုင်သလို အခြားအရာတခုခုလဲ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ နောက်ပြီး မမေ့ရက် နိုင်စရာအချက်တွေဟာ လူသားတစ်ဦးဖြစ်ခဲ့ပါရင် တာရှည်စွာ ပေါင်းသင်းဆက်ဆံဖူးပါမှ၊ နေရာဒေသတစ်ခုဖြစ်ခဲ့ပါရင် အချိန်ကြာမြင့်စွာနေထိုင်ဖူးပါမှ၊ အချို့ကြတော့ ဒီလိုမဟုတ်ပါပဲ အခိုက်အတန့် ကြုံဆုံဖူးရုံမျှ ၊ တခဏတာမျှ နေထိုင်ဖူးရုံမျှနဲ့ တစ်ဘဝတာလုံး တသသနဲ့ မမေ့နိုင်စရာလဲပဲ ဖြစ်နိုင်ပါတယ်။ လူသားထဲက လူသားတစ်ဦးမျှသာဖြစ်လေတဲ့ စာရေးသူရဲ့ဘဝမှာလဲ ဒီလိုမမေ့ရက်နိုင်စရာလေးတစ်ခု ရှိနေခဲ့တာကို ပြောပြချင်မိပါတယ်။ ဒါလေးများကွယ် အဆန်းတကြယ် လုပ်လို့ပြောနေရသေးလားလို့ ပြစ်တင်စကားဆိုလာမယ်ဆိုရင်တော့လဲ အဲဒီအပြစ်ဆိုလာသူကို အပြစ်မမြင်မိပဲ ချစ်ခင်စွာပဲ တုန့်ပြန်စကားလေးတစ်ခွန်းတော့ ခုလို ပြောမိမှာပါ၊ အဲဒါက “မိတ်ဆွေ ပြောတဲ့ ဒါလေးများဟာ ကိုယ့်အဖို့တော့ အဖိုးအနဂ္ဃထိုက်တန်လေတဲ့ အမှတ်ရစရာ ဘဝမှတ်တိုင် လေးတစ်ခုသာ ဖြစ်ပါတယ်ကွယ်” လို့ဆိုတာကိုပါ။

ဇွန်လအတွင်းက မက်ဆာချူးဆက်ပြည်နယ်ဖက်ကို ရောက်ဖြစ်ခဲ့ပါတယ်။ မက်ဆာချူးဆက်ပြည်နယ်ဆိုတာ ပညာရေးကို အထူးတလည်စိတ်ဝင်စားတဲ့ မြန်မာတို့အနေနဲ့ မစိမ်းလှတဲ့ နာမည်တစ်ခုပါ။ တိတိကျကျဆိုရရင် မက်ဆာချူးဆက်ပြည်နယ်အတွင်းက ဘော်စတွန်မြို့မှာ တည်ရှိလေတဲ့ ကမ္ဘာကျော်ဟားဗတ်တက္ကသိုလ်နဲ့ **M.I.T.** လိုတက္ကသိုလ်ကြီးများကြောင့် ထင်ရှားတယ်ဆိုရင် မှားမယ် မဟုတ်ပါဘူး။ စာရေးသူကိုယ်တိုင်လဲပဲ ကိုယ်ကိုယ်တိုင်က ပညာရေးမှာ ပြောပလောက်အောင် ပေါက် မြောက်ထင်ရှားသူ မဟုတ်ပေမယ့် ပညာရေးနဲ့ပတ်သက်တဲ့ လူပုဂ္ဂိုလ်၊ ဒါမှမဟုတ် နေရာဒေသများကိုတော့ စိတ်ဝင်တစားရှိတတ်ပါတယ်။ ပညာရေးကို အားပေးအားမြှောက်ပြုကြတဲ့ပုဂ္ဂိုလ်များကိုလဲ လေးစားအားကျ ဖြစ်မိတတ်ပါတယ်။ ကြည်ညိုစိတ်လဲ ပိုမိတယ်ပေါ့။ ဒါကြောင့် ဘော်စတွန်မြို့ကိုရောက်ခိုက်

ကမ္ဘာကျော်တက္ကသိုလ်ကြီးများတည်ရှိရာ နေရာများဆီကို အရောက်သွားဖြစ်ခဲ့ပါတယ်။ အခြေ အနေ အရ ထဲထဲဝင်ဝင် မလေ့လာနိုင်ခဲ့ပေမယ့် ပြင်ပဟန်ပန်များကိုတော့ အမှတ်တသိ လေ့လာမိခဲ့ပါတယ်။

ခုလိုနွေရာသီဆိုတာ ကျောင်းသားအများစုအနေနဲ့ အတန်းတွေကို လျော့လျော့ပေါ့ပေါ့သာ ယူလေ့ရှိကြတာကြောင့် ဒီတက္ကသိုလ်ဝင်းကြီးများမှာ ကျောင်းသာများကို ခပ်ပါးပါးသာတွေ့ရလိမ့်မယ်လို့ ထင်ထားခဲ့တဲ့ စာရေးသူရဲ့အထင်ဟာ လွဲမှားခဲ့ပါတယ်။ စာသင်ခန်းများ၊ လက်တွေ့စမ်းသပ်ခန်းများ၊ စာကြည့်တိုက်များမှာ ကျောင်းသာများနဲ့ အပြည့်ဖြစ်နေတာကိုတွေ့ရတော့ ပညာရေးအတွက် ဘယ်လောက်အလေးထားနေကြသလဲဆိုတာ ပိုမိုပြီးနားလည်လာရပါတယ်။ စာသင်ခန်းတွေဆိုတာ ခုလိုစာသင်သားတွေနဲ့ အတူတွဲလျက်ရှိနေမှသာ အဓိပ္ပါယ်ပြည့်ဝပေတယ်ဆိုတဲ့ အသိကိုလဲ တပါတည်းရခဲ့ပါတယ်။ နှစ်ဆယ့်တစ် ရာစုနှစ်များကို ပညာခေတ်ရယ်လို့ ပညာရှင်အများက သတ်မှတ်ခေါ်ဝေါ်နေကြတာဟာ သတိထားစရာပါလားရယ်လို့လဲ တွေးမိပါသေးတယ်။

သပ်ရပ်သန့်ရှင်းပြီး ခန့်ငြားထည်ဝါရှိလှတဲ့ တက္ကသိုလ်အဝန်းအဝိုင်းကြီးများနဲ့ အဆောက်အဦးကြီးများရဲ့ အသွင်သဏ္ဍာန်များကို မြင်ရယုံနဲ့ကိုပဲ အောင် ကျော်မယ်ဆိုက ကျော်ပေစရာပဲရယ်လို့ မှတ်ချက်ပြုမိခဲ့ရပါတယ်။ နှစ်လအခါ ကြာညောင်းပေမယ်ရယ်လို့ ဟောင်းနွမ်း မနေလေတဲ့ အဆောက်အဦကြီးများကိုမြင်ရတော့ ရှေးဟောင်းအမွေ မြတ်နိုးထိမ်းသိမ်းမှုကို အားကျမိရသလို အသစ်စက်စက်တွေပေမယ်ရယ်လို့ ကလက်မှုမရှိတဲ့ အနေအထားတွေကိုတွေ့မိရပြန်တော့လဲ ကြည်နူးဝမ်းမြောက်ဖြစ်မိရပြန်ပါသေးတယ်ပေ့ါ။ ဒီကမ္ဘာကျော်တက္ကသိုလ်များကနေ မွေးထုတ်ပေးလိုက်တဲ့ သားကောင်းရတနာတွေဟာ ကမ္ဘာအနှံ့ မိမိတို့ဆိုင်ရာဒေသတွေမှာ လူသားအကျိုးဆောင်တရားတွေကို ထမ်းရွက်ခဲ့ကြ၊ ထမ်းရွက်နေဆဲ၊ နောင်လဲဆက်လက်ပြီး ထမ်းရွက်သွားကြလေဦးမှာပဲရယ်လို့လဲ အတွေးများပွားမိရပါသေးတယ်။

ဒီလိုတက္ကသိုလ်ကြီးတွေလဲမရှိ၊ ပညာတတ်တွေမရှိလို့ လူသားအဖွဲ့စည်းကြီးတစ်ခုကို ပညာမဲ့တွေနဲ့သာ တည်ဆောက်ခဲ့မယ်ဆိုရင် ဘယ်လိုများဖြစ်ပါလိမ့်မယ်ရယ်လို့လဲ ကြံကြံဖန်ဖန်အတွေးဝင်မိပြန်တော့ စိုးရိမ်ကြောက်လန့်မိလို့ ကိုယ့်အတွေးကို ရှေ့မဆက်ရဲအောင် ဖြစ်မိရပါသေးတယ်။ ကိုယ်ကိုယ်တိုင်လဲ ပညာမရှိ၊ ပညာတန်ဖိုးကိုလဲ အမှန်မသိတဲ့ လူ့ဗာလတွေကြားမှာ အကန်းပမာ ကြီးပြင်းကြရတဲ့ လူသားတချို့ရဲ့ ဘဝကိုတွေးမိပြန်တော့ ပိုလို့ပင် စိုးရိမ်ထိတ်လန့် ဖြစ်ရပြန်ပါသေးတယ်။ "ကမ္ဘာလောကကြီးကို ဘေးဒုက္ခဖြစ်စေတဲ့ အကြောင်းရင်းအခြေခံအားလုံးဟာ လူ့ဗာလလို့ ခေါ်တဲ့ ငမိုက်သားတွေဆီကပဲလာလေ့ရှိတယ်" ဆိုတဲ့ ရှေးအဆိုအမိန့်တစ်ခုကိုလဲ တဆက်တည်း သတိရမိပါသေးတယ်။ ပညာဆိုတာ ချစ်ခင်အပ်တဲ့အရာ ၊ အမြတ်တနိုးတန်ဖိုးထားစောင့်ရှောက်ရမည့် အရာမျိုးဖြစ်လို့မို့ ရှေးသူဟောင်းများက ပညာကို သမီးချောနဲ့ဥပမာထားကာ တင်စားသုံးနှုန်းခဲ့တာကိုလဲ အမှတ်ရမိပါတယ်။

လောက ဓမ္မ၊ နှစ်ဝသောနယ်ပယ်မှာ အသိပညာ အတတ်ပညာနဲ့ ပြည့်ဝတဲ့ လူရှင်ရဟန်းတွေရှိလေပါမှ အရာရာတိုးတက်တဲ့ဖက်ကို ဦးတည်နိုင်မှာပါ။ ဒါကြောင့် ဒီလိုပုဂ္ဂိုလ်တွေ များပြားစွာပေါ်ထွက်ဖို့ စွမ်းနိုင်သူတို့က ဦးဆောင်ကြဖို့ လိုသလို ဦးဆောင်စွမ်းရည် မရှိသူတို့က တတ်နိုင်တဲ့ဘက်က

ဝိုင်းဝန်းထောက်ပံ့ကြဖို့ အမှန်ပဲလိုအပ်ပါတယ်။ တန်ဖိုးရှိတဲ့အရာကို တန်ဖိုးရှိမှန်း မသိသည့်တိုင်၊ တန်ဖိုးဖြည့်နေသူတွေကို တန်ဖိုးချည့်နဲ့မသွားစေဖို့ ထိမ်းသိမ်းစောင့်ရှောက်သွားတတ်တာကလဲ ကောင်းမြတ်တဲ့ မင်္ဂလာတစ်ပါးလို့ ဆိုရမှာပါ။

ပညာရေးသင်ယူမှုရဲ့ ဦးတည်ချက်ထဲက အစိတ်အပိုင်းတစ်ခုဟာ အချိန်အခါ အခြေအနေကို လိုက်လို့ ကာလဒေသနဲ့လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲ ပြုမူ ပြောဆိုခြင်းလဲ ပါဝင်ပါတယ် ။ ဒါကိုလဲ နားလည်ဖို့လိုပါတယ်။ ပညာတတ်တို့ရဲ့တန်ဖိုးဟာ နှစ်ကာလတွေရဲ့တိုက်စားမှုကြောင့် ပြောင်းလဲရိုးထုံးစံ မရှိပေမယ့် ပညာရပ်တို့ရဲ့ ပုံဟန်ဆိုတာကတော့ အချိန်ကာလ တွေနဲ့အမျှ ပြောင်းလဲတတ်တာမို့ ခေတ်နဲ့အညီဖြစ်စေဖို့ ပြောင်သင့်ရာကိုပြောင်းလို့ ပြင်သင့်ရာကိုပြင်ဖို့ အမှန်ပဲ လိုအပ်ကြောင်းကိုလဲ ဆင်ခြင်မိပါသေးတယ်။ နောက်ပြီး သင်ကြားမှုနည်းစနစ်တွေ ၊ အဆောက်အဦနဲ့ အထောက်အကူပြု ပစ္စည်းတွေဆိုတာကလဲ သူ့ခေတ်နဲ့သူ့အခါ မရှိမဖြစ် လိုအပ်တဲ့ အရာတွေပါပဲရယ်လို့လဲ နားလည်မိရပါတယ်။ သို့ပေမယ့် လိုအပ်မှုကို ဖြည့်ဆည်းရာမှာ အပေါ်ယံ အခွံအကာထက် အတွင်းအနှစ်သာရကသာ ပိုမိုအရေးပါကြောင်းကိုလဲ သတိပြုမိဖို့လိုအပ်ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် ကမ္ဘာကျော်တက္ကသိုလ်ကြီးများကိုလည်ပတ်ပြီးတဲ့ နောက်တရက်မှာပဲ သီတဂူဝင်အရှင်တစ်ပါးဖြစ်တဲ့ အရှင်ဩဿဓကျေးဇူးကြောင့် စစ်ကိုင်းတောင်ရိုး၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် တည်ထောင်ဖွဲ့စည်းပုံ အခြေခံဥပဒေ စာအုပ်လေးကို ဖတ်ဖြစ်မိတယ်။ အခန်း(၂) တက္ကသိုလ်အမည်၊ ရည်ရွယ်ချက်နှင့် ကြွေးကြော်သံဆိုတဲ့ အခန်းမှာ ရည်ရွယ်ချက်အဖြစ် ခုလိုရေးသားထားတာကို တွေ့ရတယ်။ (ခ) ရည်ရွယ်ချက်– "ပြည်တွင်းပြည်ပနှစ်ဌာန၌ ဗုဒ္ဓ၏ ဓမ္မ ဝိနယများ ပြန့်ပွားလွှမ်းမိုးစေရမည်" တဲ့။

ပြည်တွင်းမှာဆိုရင်တော့ ကိုယ့်လူမျိုး၊ ကိုယ့်ရေ၊ ကိုယ့်မြေ၊ ကိုယ့်ဘာသာ၊ ကိုယ့်စကားမို့ သမားရိုးကျ အစဉ်အလာများနဲ့ ခရီးဆက်လို့ ရကောင်းက ရမှာဖြစ်ပေမယ့် ပြည်ပတိုင်းတစ်ပါးသားလူမျိုးခြားများအတွက်ဆိုရင်တော့ ကိုယ်နည်းကိုယ့်ဟန် ကိုယ့်ဘာသာ ကိုယ့်စကားနဲ့ချည်းဆို ခရီးပေါက်နိုင်လိမ့်မယ် မဟုတ်ဘူးဆိုတာ သိပေတာကြောင့် ခုလိုရည်ရွယ်ချက်ကောင်းကောင်းနဲ့ တက္ကသိုလ်ကြီးကို တည်ထောင်လေတာ ဖြစ်မှာပါ။ မှန်မြတ်တဲ့ရည်ရွယ်ချက်ဖြစ်တာကြောင့် ရရှိမယ့် အကျိုးရလဒ်ကလည်း ကောင်းမြတ်မှာ မလွဲပါဘူး။ (ဂ) ကြွေးကြော်သံ–မှာတော့ "ဘာသယေ ဇောတယေ ဓမ္မံ" (ဓမ္မကို သင်ပြ၍ အလင်းရစေမည်) (Teach and (illumine)the Dhamma for all) ဖော်ပြထားပါတယ်။ အသိအလိမ္မာ ဉာဏ်ပညာ ချို့ငဲ့နေသူတွေကို အသိအလိမ္မာ ပညာအလင်းရောင်တွေ ဖြန့်ဝေကြမယ်ဆိုတဲ့ သဘောပါ။ အသိအလိမ္မာ ပညာဓမ္မအလင်းရောင်တွေ ဒီကမ္ဘာမြေပေါ်မှာ ပြန့်ပွားလေ ကမ္ဘာလောကကြီး ငြိမ်းချမ်းလေဖြစ်မယ်ဆိုတာကလဲ သံသယဖြစ်ဖွယ်မရှိပါဘူး။

ဟိုလွန်ခဲ့တဲ့ ငါးနှစ်ကျော်ကျော်ခန့် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဆောက်အဦများ စတင်တည်ဆောက်စက ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိရာကို ရောက်ဖြစ်ခဲ့တယ်။ စနစ်တကျစီမံကိန်းများနဲ့ စတင်တည်ဆောက်နေလေတဲ့ စာသင်ဆောင်အဆောက်အဦအချို့ကို တွေ့ခဲ့ရတာကြောင့် အဲဒီအချိန်ကတည်းက ဝမ်းမြောက်ကြည်နူး ဖြစ်ခဲ့ရတယ်။ ခုချိန်မှာတော့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်စီမံကိန်းဟာ ကိုးဆယ်ရာခိုင်နှုန်းကျော်ကျော် ပြီးစီးနေပြီရယ်လို့ သတင်းကောင်းများ ကြားရတာကြောင့် အဝေးကနေ ပီတိ

ဖြာနေမိပါသေးတယ်။ လောလောလတ်လတ် ဘော်စတွန်ဒေသက အတွေ့အကြုံများနဲ့ အတိတ်ဆီက သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့ရဲ့ အတွေ့အကြုံနှစ်ခုဆက်စပ်မိလို့ ကြည်နူးမှု အဟုန်ဟာ ရင်မှာ လှိုင်းထုံလို့ လာခဲ့ပါတယ်။

အသားကျနေပြီဖြစ်တဲ့ ကမ္ဘာကျော် ဟားဗတ်တို့ **M.I.T.**တို့လို တက္ကသိုလ်ကြီးတွေဆီကနေ ကမ္ဘာ အနှံ့ လောကဓာတ်ပညာတွေ ဖြန့်ဝေပေးနေသလို အားကောင်းမောင်းသန်စွာ ရည်ရွယ်ချက်ကောင်း ကောင်း၊ ကြွေးကြော်ချက် ခိုင်ခိုင်မာမာနဲ့ တည်ထောင်စ ပျိုးမြစ်သစ်လွင်တဲ့ သီတဂူကမ္ဘာ့ ဗုဒ္ဓတက္က သိုလ်ကြီးဆီကနေ ဓမ္မအလင်းရောင်တွေ ကမ္ဘာတစ်လွှား ပြန့်နှံ့လို့လာပေတော့မယ်ရယ်လို့ မျှော်ချင့် လို့ နေမိပါသေးတယ်။ လေးစားအားကျဖွယ် ဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းလေတဲ့ သီတဂူကမ္ဘာ့ ဗုဒ္ဓ တက္ကသိုလ်ရှိရာ ဇေယျာမြေကို နောက်တခေါက် အရောက်သွားဖို့ ဆန္ဒပြုမိသလို လှမ်းမောတမ်းတ ဖွယ် နှစ်လိုခုံမင်ဖွယ်ကောင်းတဲ့ ကမ္ဘာကျော်တက္ကလိုလ်ကြီးများတည်ရှိရာ သမီးချောရဲ့နယ်မြေ ဘော်စ တွန်ဒေသကိုလဲ နောက်တခေါက် အရောက်သွားဖို့ စိတ်စောလို့နေမိပါသေးတယ်။ ။